
မင်းမြတ်သူရ
လိပ်ပြာ

သူတို့မြို့မှာ အကြီးကျယ်ဆုံး မှုခင်းကြီးတွေ ဆက်တိုက် ဖြစ်နေသဖြင့် တစ်မြို့လုံး ထိတ် လန့်တုန်လှုပ်နေကြ၏ ။

လွန်ခဲ့သော သုံးလအတွင်း လူသုံးယောက် ထူးဆန်းစွာ အသတ်ခံခဲ့ရ၏ ။

ယခု ဆရာမလေး မနှင်းဖြူ ရင်ကွဲတောင်ပေါ်က ပြုတ်ကျသေဆုံးသွားပြန်ပြီတဲ့။

ဆရာမလေးကို ရင်ကွဲတောင်ပေးသို့ လိုက်ပို့သော ဆရာလေး ကိုဖိုးအောင် ဘာဖြစ်မှန်း မသိဘဲ မေ့မြောနေပြီတဲ့။

***

ဤအမှုများကို ကိုင်တွယ်နေသူမှာ စီအိုင်ဒီက ရောက်ရှိလာသော အင်စပက်တော်လှမိုး ဖြစ်၏ ။

သူတို့မြို့ခံ ပုလိပ်များက အမှုများကို မစုံစမ်းနိုင်တော့ဘဲ လက်မှိုင်ချကာ စီအိုင်ဒီကို လှမ်း၍ အကူအညီတောင်းခြင်း ဖြစ်၏ ။

အင်စပက်တော်လှမိုးသည် ရင်ကွဲတောင်ပေါ်သို့ ရောက်ရှိနေပြီး ဆရာမလေး၏ အလောင်း ကို တောင်အောက်သို့ ခက်ခက်ခဲခဲ ဆင်းပြီး သယ်ယူနေသူများကို စောင့်မျှော်နေလေ၏ ။

ဆရာမလေး၏ အလောင်းကို တောင်အောက်သို့ဆင်းပြီး ထင်းကောက်သူများ တွေ့ရှိခြင်း ဖြစ်၏ ။

အင်စပက်တော်လှမိုး၏ အနီး၌ တောင်ပေါ်ကျောင်းအချို့မှ ကိုရင်လေးများ၊ ဘုန်းကြီး ကျောင်းသားများနှင့် လူအချို့ ရှိနေကြ၏ ။

မကြာမီ ထိတ်လန့်ဖွယ်သတင်းသည် တစ်မြို့လုံးသို့ ပြန့်နှံ့သွားပေတော့မည်။

ဆရာမလေးကို တောင်ပေါ်သို့ ခေါ်ဆောင်လာသူ ဆရာလေး ကိုမိုးအောင်မှာ ဆေးရုံ၌ မေ့ မြောနေဆဲ ဖြစ်၏ ။

ဆရာလေး သတိရလာလျှင် မနှင်းဖြူ ပြုတ်ကျခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထူးခြားမှု ရှိမည် ထင်၏ ။

***

ဆေးရုံ၌ ဆရာလေးကိုမိုးအောင် ခေါင်း၌ ဒဏ်ရာရပြီး မေ့မြောနေဆဲဖြစ်သဖြင့် ဇနီး မမြတ်လေးနှင့် သမီးလေး ပန်းဝါသည် ပူဆွေးသောက ရောက်နေလေ၏ ။

အသက် (၁၃) နှစ်အရွယ်သမီးလေး ပန်းဝါသည် မိခင်ဖြစ်သူကို မှီတွယ်၍

“ ဖေဖေ သတိမရလာသေးဘူးနော်၊ ကြာနေပြီ မေမေ ”

ဟု စိုးရိမ်ဟန်ဖြင့် ပြောဆိုလေ၏ ။ မမြတ်လေးက သမီး၏ ခေါင်းကို လက်ဖြင့်ပွတ်၍

“ စိတ်မပူပါနဲ့ သမီးရယ်၊ ဖေဖေ သတိရလာတော့မှာပါ ”

ဟု ပြောရင်း သူမကိုယ်တိုင်လည်း စိုးရိမ်ပူပန်နေမိ၏ ။

မမြတ်လေးသည် ကိုမိုးအောင် ဒဏ်ရာ အဘယ်ကြောင့်ရသနည်းဟု သိချင်နေမိ၏ ။

မိမိ၏ ယောကျ်ားသည် အဘယ်ကြောင့် ဆရာမ မနှင်းဖြူနှင့် ရင်ကွဲတောင်ပေါ်သို့ ရောက်ရှိ နေသနည်း။

ယခုကဲ့သို့ ကြေကွဲမက်ဖွယ်ရာ အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ချိန်၌ မြို့ပေါ်ရှိလူအများ၏ ဝေဖန်ကဲ့ရဲ့ခြင်းနှင့် ကြုံတွေ့ရတော့မည်။

ထိုအဖြစ်ဆိုးနှင့်ပတ်သက်၍ သူမကိုယ်တိုင် မခံစားနိုင်အောင် ဖြစ်မိ၏ ။ ကိုမိုးအောင် အမြန် ဆုံး သတိရလာပါစေဟု ဆုတောင်းနေမိ၏ ။

ထိုအချိန်၌ ဆေးရုံအရှေ့ရှိ ထနောင်းပင်ကြီးအောက်၌ ဆရာမသုံးယောက်သည် မေ့မြော နေသော ဆရာလေး ကိုမိုးအောင်နှင့်ပတ်သက်သည့် အကြောင်းများကို ပြောဆိုနေလေ၏ ။

ဆရာမသုံးယောက်အနက် အလွန်ဖြိုးဖြိုးပြီး ဗိုက်ပူ ခါးတုတ်နေသော တတင်တင်မိုး ဆို သူက

“ နေပါဦး၊ မြို့ပေါ်မှာ ကြောက်စရာကောင်းတဲ့မှုခင်းကြီးတွေ ဖြစ်နေချိန်မှာ ကိုမိုးအောင်က ဘာဖြစ်လို့ မနှင်းဖြူကို ရင်ကွဲတောင်ပေါ် ခေါ်သွားရတာ လဲ ”

ဟု ဆိုလိုက်ရာ ထိပ်ပြောင်ပြီး ဝါးခြမ်းကွဲလို ပြားကပ်နေသော ဒေါ်ကေသွယ်ဆိုသူက

“ ဟုတ်ပ့ါ၊ နောက်ပြီးတော့ ကိုမိုးအောင်မှာလည်း မယားကြီးငုတ်တုတ်နဲ့၊ သွားတော့လည်း လူပြတ်တဲ့ ရင်ကွဲတောင်၊ ဒီအချိန်ကြီးမှာ ရင်ကွဲတောင်ကို သူတို့ ဘာသွားလုပ်တာလဲ ”

ဟု ပြောလိုက်၏။ ထိုအခါ မစိုးကြီးဆိုသော ကျောင်းဆရာမက မျက်မှောင်ကြုတ်၍

" သူတို့နှစ်ယောက်တည်းသွားတာ မဟုတ်ပါဘူး၊ ကိုမိုးအောင်သမီးလေး ပန်းဝါလည်း ပါတယ်မဟုတ်လား "

ဟု ဝင်ရောက်ပြောဆိုလေရာ တင်တင်မိုးဆိုသော ကျောင်းဆရာမက မျက်မှောင်ကြုတ်၍

" အို . . . ဒါကတော့ လူမြင်ကောင်းအောင် ဟန်လုပ်ပြီး ခေါ်သွားတာပါ "

ဟု ပြောလေ၏။ ကေသွယ်ဆိုသော ဆရာမက

" မနှင်းဖြူကလည်း ယောကျ်ားတွေမက်လောက်အောင် တောင့်တာ ဖြောင့်တာကိုးဟဲ့၊ ကိုမိုးအောင် ဖောက်ပြန်တာ ဘာဆန်းသလဲ၊ ငါကတော့ ကိုမိုးအောင်မိန်းမ မမြတ်လေးကိုပဲ သနား တယ်အေ "

ဟု ပြောလိုက်၏။ ထိုအခါ တင်တင်မိုးက မျက်နှာကို ရှုံ့မဲ့၍

" အို . . . ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ကျောင်းဆရာမဖြစ်ပြီး ဖောက်ပြန်တာကို မကြိုက် ပါဘူး၊ ဣန္ဒြေသိက္ခာနဲ့နေတဲ့ ငါတို့ဆရာမတွေ သိက္ခာကျတာပေါ့ "

ဟု ပြောလိုက်၏။

ထိုစဉ် ၎င်းတို့အနီးသို့ ကျောင်းဆရာ ကိုစိန်လွင် ရောက်ရှိလာပြီး

" ခင်ဗျားတို့ ဘာတွေဖြစ်နေတာလဲ၊ ဆကာမတွေဖြစ်ပြီး စကားအပြောအဆို ဆင်ခြင်စမ်းပါ၊ ခင်ဗျားတို့ကိုယ်တိုင် သွားပုတ်လေလွင့် လျှောက်ပြောနေရင် တစ်မြို့လုံးက ပိုပြောကုန်မှာပေါ့၊ မိုးအောင်အကြောင်းကို ကျုပ်အသိဆုံး၊ သူ ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ သူ့မိန်းမကို သူသိပ် ချစ်တယ် "

ဟု ပြောလိုက်ရာ ကေသွယ်ဆိုသော ဆရာမက မျက်နှာကို မဲ့၍

“ သူ့မိန်းမကို သူချစ်ရင် ဘာဖြစ်လို့ မနှင်းဖြူကို ရင်ကွဲတောင်ပေါ် ခေါ်သွားရတာ လဲ ”

ဟု မေးမြန်းလိုက်၏ ။ ကျောင်းဆရာ ကိုစိန်လွင်က ခေါင်းခါယမ်း၍

“ ဒါကို ဘယ်သူမှ မပြောနိုင်သေးဘူး၊ မိုးအောင် သတိရလာရင် အားလုံးရှင်းသွားမှာပဲ၊ အရေးကြီးတာက ခင်ဗျားတို့ သူများအတင်းကို သွားပုတ်လေလွင့် မပြောဖို့ပဲ ”

ဟု ပြောကာ ဆရာမသုံးယောက် အနီးမှ ထွက်ခဲ့လေ၏ ။

***

ကိုစိန်လွင်သည် ဝမ်းနည်းကြေကွဲနေသော မမြတ်လေးတို့ သားအမိထံသို့ ထွက်ခဲ့လေ၏ ။

သူသည် ကိုမိုးအောင်၏ အရင်းနှီးဆုံးမိတ်ဆွေဖြစ်ပြီး စိတ်သဘောထားဖြူစင်သူ ဖြစ်၏ ။ ထို့ ကြောင့် မမြတ်လေး၏ အနီးသို့ သွား၍

“ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ မိုးအောင် သတိရလာရင် အားလုံးရှင်းသွားမှာပါ ”

ဟု အားပေးစကားပြောလိုက်ရာ မမြတ်လေးသည် ကိုစိန်လွင်ကို အားကိုးတကြီး ကြည့်၍

“ ဘယ်လိုဖြစ်တာလဲ ကိုစိန်လွင်ရယ်၊ တစ်မြို့လုံး ထင်ကြေးအမျိုးမျိုး ပေးကုန်ကြပြီ၊ ကျွန်မတော့ လုံးဝနားမလည်နိုင်ဘူး ”

ဟု ပြောလိုက်၏ ။ ကိုစိန်လွင်က သက်ပြင်းချ၍

“ ကိုမိုးအောင် ဘယ်တော့မှ မဟုတ်တာယမလုပ်ဘူးဆိုတာ ကျုပ်သိပါတယ်၊ သူသတိရ လာရင် အားလုံးရှင်းသွားမှာပါ ”

ဟု ပြောလိုက်ရာ မမြတ်လေးသည် စိတ်သက်သာရာရသွားဟန်ဖြင့်

“ ဟုတ်တယ်နော်၊ အစ်ကိုသတိရလာရင် အားလုံးကို ရှင်းနိုင်မှာပါ၊ သူ အမြန်ဆုံး သတိ ရပါစေလို့ ဆုတောင်းရမှာပဲ ”

ဟု ပြောလိုက်၏ ။ ကိုစိန်လွင်က ခေါင်းညိတ်၍

“ မိုးအောင်ရဲ့ အကျင့်စာရိတ္တကို လူတိုင်းသိပါတယ်၊ ဒီမြို့မှာ သူ့လောက်ဖြူစင်တဲ့သူ ဘယ် သူရှိဦးမလဲ ”

ဟု မမြတ်လေး စိတ်အားတက်ကြွအောင် ပြောဆိုလိုက်ရင်း မိုးအောင်၏ အတင်းအဖျင်း ပြောဆိုနေသော ဆရာမသုံးယောက်၏ မျက်နှာကို မြင်ယောင်လာ၏ ။

တစ်မြို့လုံးကလူတွေ ယုံကြည်အောင် မိုးအောင် မည်သို့ ရှင်းပြလေမည် မသိချေ။

ကိုစိန်လွင်သည် မိုးအောင်ကိုယ်စား ရင်မောနေမိလေ၏ ။

ထိုအခိုက်မှာပင် မိုးအောင်ကို စောင့်ကြည့်နေသော ဆရာမလေးသည် မိုးအောင် သတိရ လာကြောင်း တွေ့ရသဖြင့် စိတ်လှုပ်ရှားစွာဖြင့်

“ လူနာ သတိရလာပြီ ”

ဟု အော်ဟစ်လိုက်၏ ။

မမြတ်လေးသည် မိုးအောင် သတိရလာကြောင်း သိသည်နှင့် အခန်းထဲသို့ ပြေးဝင်သွား လေ၏ ။

ပြီးနောက် မိုးအောင်၏ လက်နှစ်ဖက်ကို ဝမ်းသာအားရ ဆုပ်ကိုင်၍

“ အစ်ကို . . . အစ်ကို သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ ”

ဟု ပြောလိုက်ရာ မိုးအောင်သည် ပတ်ဝန်းကျင်ကို ဇဝေဇဝါ ကြည့်၍

“ ငါ ဘယ်ကိုရောက်နေတာလဲ ”

ဟု မေးမြန်းလိုက်၏ ။ မမြလေးက မိုးအောင်ကိုကြည့်၍

“ အစ်ကို ဆေးရုံကို ရောက်နေတာလေ ”

ဟု ပြောလိုက်၏ ။ မိုးအောင်က နားမလည်ဟန်ဖြင့်

“ ဆေးရုံရောက်နေတယ် ဟုတ်လား၊ ဘာဖြစ်လို့ ဆေးရုံရောက်နေတာလဲ ”

ဟု မေးမြန်းလိုက်ရာ မမြတ်လေးသည် ကိုမိုးအောင်ကို နားမလည်ဟန်ဖြင့်ကြည့်၍

“ အစ်ကို ရင်ကွဲတောင်ပေါ်ကို ဆရာမလေး မနှင်းဖြူနဲ့ သွားခဲ့တယ်လေ၊ နောက်ပြီးတော့ အစ်ကို့ခေါင်းမှာ ဒဏ်ရာနဲ့ မေ့လဲနေတာ တွေ့တယ် ”

ဟု ပြောလိုကရာ မိုးအောင်က မျက်နှာရှုံ့မဲ့၍

“ ငါက ဘာဖြစ်လို့ ရင်ကွဲတောင်ကို ဆရာမလေးနဲ့ သွားရတာ လဲ၊ ငါ့ခေါင်းက ဒဏ်ရာက ဘာလို့ရတာ လဲ၊ ဆရာမလေး မနှင်းဖြူကို မေးမကြည့်ဘူးလား၊ ငါ ဘာမှမမှတ်မိတော့ဘူး ”

ဟု ပြောလိုက်၏။ မိုးအောင်၏ အဖြေကြောင့် မမြတ်လေးသည် ယောကျ်ားဖြစ်သူအား အလွန် စိုးရိမ်သွားလေ၏။

ထိုအခါ အနီး၌ မျက်မှောင်ကြုတ်၍ နားထောင်နေသော ကျောင်းဆရာ ကိုစိန်လွင်က

“ သူငယ်ချင်း . . . မင်းခေါင်းက ဒဏ်ရာကြောင့် ရုတ်တရက် မမှတ်မိတာ ဖြစ်လိမ့်မယ်၊ မင်းနဲ့ ဆရာမလေး မနှင်းဖြူ တောင်ပေါ်မှာ အန္တရာယ်ဆိုးနဲ့ ကြုံတွေ့ခဲ့တယ်၊ တောင်ပေါ်မှာ မင်း ဒဏ်ရာရခဲ့တယ် ”

ဟု ပြောလိုက်ရာ မိုးအောင်က စိတ်လှုပ်ရှားဟန်ဖြင့်

“ ဒါဆိုရင် ဆရာမလေး မနှင်းဖြူ ဘာဖြစ်သွားသေးလဲ ”

ဟု မေးမြန်းလိုက်၏။

မိုးအောင်၏ အမေးကြောင့် ကိုစိန်လွင်နှင့် မမြတ်လေးသည် မဖြေသင့် ဖြေသင့် စဉ်းစားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၏။

မိုးအောင်က ကိုစိန်လွင်တို့၏ မျက်နှာကို ကြည့်၍

“ မနှင်းဖြူ ဘာဖြစ်သွားလဲ၊ ဖြေစမ်းပါကွာ၊ ဖြေစမ်းပါ ”

ဟု မေးမြန်းလိုက်၏ ။ ဆရာ ကိုစိန်လွင်က သက်ပြင်းချလိုက်ပြီး

“ ဆရာမလေး မနှင်းဖြူ တောင်ပေါ်ကပြုတ်ကျပြီး ဆုံးသွားပြီ၊ ဒါကြောင့် လူတွေအားလုံးက တောင်ပေါ်မှာ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံခဲ့သလဲဆိုတာ မင်းကို မေးချင်နေကြတယ် ”

ဟု ပြောလိုက်ရာ မိုးအောင်သည် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး

“ ဟင် . . . ဆရာမလေး တောင်ပေးကပြုတ်ကျပြီး သေပြီ ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ နေပါဦး . . . ငါနဲ့ ဆရာမလေး တောင်ပေါ်ကိုသွားပြီး အန္တရာယ်နဲ့ကြုံခဲ့တယ် ဟုတ်လား၊ ဒါတွေကို ငါ ဘာမှမသိဘူးကွ၊ ငါ့ခေါင်းထဲမှာလည်း ဘာမှမမှတ်မိဘူး ”

ဟု ပြောလေ၏ ။ ဆရာ ကိုစိန်လွင်က မိုးအောင်ကို မျက်မှောင်ကြုတ်ကြည့်၍

“ ဒါပေမဲ့ တောင်ပေါ်မှာ မင်းမေ့မြောနေတာ အမှန်ပဲကွ၊ တောင်ပေါ်ကို မင်းတို့နှစ်ယောက် တည်းသွားတာ မဟုတ်ဘူး၊ သမီးလေး ပန်းဝါလည်းပါတယ် ”

ဟု ပြောလေရာ မိုးအောင်သည် ပိုမို၍ တုန်လှုပ်ခြောက်ခြားသွားပြီး

“ သမီးလည်းပါတယ် ဟုတ်လား၊ ဟင် . . . ဒါဆိုရင် သမီး ဘယ်မှာလဲ၊ ငါ့သမီး ဘာဖြစ် သွားသေးလဲ ”

ဟု အလောတကြီး မေးမြန်းလေ၏ ။ ထိုအခါ ခုတင်၏ အနောက်၌ ဖခင်ကို စိုးရိမ်တကြီး ကြည့်နေသော ပန်းဝါဆိုသည့် ကလေးမလေးက

“ သမီး ဒီမှာပါ ဖေဖေ၊ သမီး ဘာမှမဖြစ်ပါဘူး ”

ဟု အသံပြုလိုက်ရာ မိုးအောင်သည် အနောက်သို့ လှည့်ကြည့်၍ စိတ်သက်သာရာ ရသွားပြီး

" သမီး ဘာမှမဖြစ်လို့ တော်ပါသေးရဲ့၊ တောင်ပေါ်ကို သွားတဲ့ကိစ္စကို အဖေ လုံးဝသတိမရ တော့ဘူး၊ အဖေတို့ တောင်ပေါ်ကို ဘာကြောင့်သွားတာလဲ သမီး၊ အဖေတို့ တောင်ပေါ်မှာ ဘာတွေဖြစ်ခဲ့သလဲ "

ဟု မေးမြန်းလိုက်ရာ ပန်းဝါဆိုသည့် ကလေးမလေးက

" သမီး မသိဘူး ဖေဖေ၊ မနေ့ညနေက ကျောင်းလွှတ်တော့ ကျောင်းတံခါးပေါက်မှာ အဖေ က 'ဒီနေ့ညနေ ဆရာမလေးကိုခေါ်ပြီး ရင်ကွဲတောင်ပေါ်ကိုသွားမယ်၊ သမီး အိမ်မပြန်နဲ့ဦး၊ အဖေတို့ နဲ့ လိုက်ခဲ့ရမယ်' လို့ ပြောတယ်၊ ရင်ကွဲတောင်ကိုရောက်တော့ သမီးက တောင်အောက်က ဇရပ်မှာ စာဖတ်ပြီး ကျန်ခဲ့တယ်၊ အဖေနဲ့ ဆရာမ တောင်ပေါ်ကို တက်သွားခဲ့တယ် "

ဟု ပြောလိုက်ရာ မမြတ်လေးသည် သမီး၏ စကားကြောင့် ရင်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရလေ၏ ။

မိမိ၏ လင်ယောကျ်ားနှင့် မနှင်းဖြူသည် တောင်ပေါ်သို့ မည်သည့်ကိစ္စနှင့် တက်သွားလေ သနည်း။

ထိုအချက်ကို မဖြေရှင်းနိုင်လျှင် တစ်မြို့လုံး၏ တံတွေးခွက်၌ ပက်လက်မြောရပေတော့ မည်ဟု တွေးရင်း ရင်ထဲတွင် နာကျင်နေလေ၏ ။

မိုးအောင်က သမီး၏ စကားကို နားထောင်၍ ခေါင်းခါယမ်းလိုက်ပြီး

" အဖေ ဘာမှမမှတ်မိဘူး သမီးရယ်၊ အဖေတို့ ရင်ကွဲတောင်ကို ဘာလို့သွားတာလဲ သမီး မသိဘူးလား၊ အဖေ မေ့မြောအောင် ဘယ်သူလုပ်သွားတာလဲ "

ဟု မေးမြန်းလိုက်၏ ။ မပန်းဝါကလေးက ခေါင်းခါယမ်း၍

" သမီး ဇရပ်မှာစာကျက်ရင်း အဖေတို့ တောင်အောက်ကို ပြန်မဆင်းလာလို့ တောင်ပေါ်ကို လိုက်တက်လာတယ်၊ တောင်ပေးရောကတော့ အဖေ့ခေါင်းက ဒဏ်ရာကြီးနဲ့ လဲနေတာ တွေ့ တာပဲ "

ဟု ပြောလေရာ မိုးအောင်က စိတ်လှုပ်ရှားဟန်ဖြင့်

" သမီး တောင်ပေးမှာ ဘယ်သူမှမတွေ့ဘူးလား "

ဟု မေးမြန်းလိုက်ရာ ကလေးမလေးက ခေါင်းခါယမ်း၍

" သမီး ဘယ်သူမှမတွေ့ဘူး ဖေဖေ၊ တောင်ပေးမှာ တိတ်ဆိတ်နေတာပဲ "

ဟု ပြောလေ၏။ မိုးအောင်က လွန်စွာ စိတ်လှုပ်ရှားနေပြီး

" ဆရာမလေး တောင်အောက်ကိုကျနေတာ ဘယ်သူတွေ့တာလဲ "

ဟု မေးမြန်းလိုက်၏။

ထိုအခါ ကျောင်းဆရာ ကိုစိန်လွင်က

" တောင်အောက်ကိုဆင်းပြီး ထင်းကောက်တဲ့လူတွေ တွေ့တာကွ၊ ဆရာမလေး သနား စရာကွာ "

ဟု တီးတိုးပြောလိုက်၏။

***

မိုးအောင်သည် လွန်ခဲ့သောရက်က ဖြစ်ခဲ့သော ထိတ်လန့်ဖွယ် အဖြစ်အပျက်များကို သတိ မရသဖြင့် မိမိကိုယ်မိမိ အားမလို အားမရ ဖြစ်ကာ

" ဟာကွာ . . . မနေ့ကအဖြစ်အပျက်ကို ငါ ဘာလို့ သတိမရတော့တာလဲ၊

ငါ့မှတ်ဉာဏ် တွေ ဘာဖြစ်သွားပြီလဲ၊ ငါ့ဦးနှောက်တွေ ဘာဖြစ်သွားပြီလဲ ”

ဟု ပြောရင်း ခေါင်းမူးလာဟန်ဖြင့် သူ၏ ခေါင်းကို လက်ဖြင့်ဖိနှိပ်လိုက်၏။

ထိုအခါ မမြတ်လေးသည် မိုးအောင်အတွက် စိုးရိမ်စိတ်ဖြင့် ဆေးခန်းအပြင်သို့ ပြေးထွက် သွားပြီး အကူအညီတောင်းလေရာ ဆရာဝန်ကြီး ရောက်ရှိလာပြီး

“ ဒီအချိန်မှာ ဘာမှမစဉ်းစားတာ အကောင်းဆုံးပါပဲ၊ ခေါင်းကို ထိခိုက်သွားတဲ့အတွက် အဖြစ်အပျက်တွေကို ရုတ်တရက် စဉ်းစားလို့မရနိုင်သေးဘူး၊ ဒါမျိုး ဖြစ်တတ်ပါတယ်၊ သိပ်မစိုးရိမ် ပါနဲ့ ”

ဟု ပြောဆိုလေရာ မိုးအောင်သည် ဆရာဝန်ကြီးကို အလောတကြီး အမူအရာဖြင့် ကြည့်၍

“ ဟင် . . . ဒါဆိုရင် ကျွန်တော့်မှတ်ဉာဏ်တွေ ဘယ်တော့ ပြန်ကောင်းမှာလဲ ”

ဟု မေးမြန်းလိုက်၏။

ဆရာဝန်ကြီးက မိုးအောင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

“ တစ်လ၊ နှစ်လ၊ သုံးလလောက် ဖြစ်နိုင်တာပဲ၊ စစ်ဆေးမှုတွေ အတိအကျမရသေးမီ တိတိကျကျ မပြောနိုင်သေးဘူး၊ ကိုမိုးအောင် အနားယူလိုက်ပါဦး၊ ဒီအချိန်မှာ မစဉ်းစားတာ အကောင်းဆုံးပါပဲ ”

ဟု ပြောကာ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေရာ မိုးအောင်သည် လွန်စွာ စိတ်ဆင်း ရဲသွားလေ၏။

မိုးအောင်၏ အမူအရာကိုကြည့်၍ မမြတ်လေးက

“ စိတ်မပူပါနဲ့ အစ်ကိုရယ်၊ အစ်ကို ပြန်ပြီးသတိရလာမှာပါ ”

ဟု ပြောလေ၏။ ကိုစိန်လွင်ကလည်း ဝင်ရောက်၍

“ သိပ်ပြီးမလောပါနဲ့ သူငယ်ချင်းရယ်၊ မင်း သတိရလာရင် တရားခံဘယ်သူလဲဆိုတာ တိတိကျကျ ပြောနိုင်မှာပါ ”

ဟု ပြောလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

“ ငါ အမြန်ဆုံးသတိရမှ ဖြစ်မှာကွ၊ ဒီကိစ္စက မြို့ပေါ်မှာ ဖြစ်ခဲ့တဲ့ လူသတ်မှုတွေနဲ့ ပတ် သက်နေနိုင်တယ်၊ နောက်ပြီးတော့ ငါနဲ့ဆရာမ မနှင်းဖြူ ရင်ကွဲတောင်ပေါ်ကို ဘာကြောင့် တက် သလဲဆိုတဲ့ ပြဿနာကို ရှင်းရမှာ ငါမရှင်းနိုင်ရင် ငါတို့သိက္ခာတွေ သွားပြီကွ ”

ဟု ပြောရင်း မမြတ်လေးဘက်သို့ ငဲ့စောင်းကြည့်လိုက်၏။ ထိုအခါ မမြတ်လေးသည် မိုးအောင် စိတ်ဆင်းရဲမှာစိုးသဖြင့် အပူရပ်ကို ဟန်လုပ်ကာ

“ ကျွန်မ အစ်ကိုရဲ့သစ္စာတရားကို ယုံကြည်ပါတယ်၊ အစ်ကို ဘာမှမပူပါနဲ့ ”

ဟု ပြောလိုက်လေ၏။

***

မိုးအောင်သည် မိမိကိုနှစ်သိမ့်နေသူများ၏ စကားကို နားမဝင်ဘဲ အလွန်စိတ်ရှုပ်ထွေးနေ မိ၏ ။

ဆရာမလေး မနှင်းဖြူ တောင်ပေးက ပြုတ်ကျပြီး သေဆုံးသွားချေပြီ။ ဆရာမလေးကို တောင်ပေါ်က မည်သူ တွန်းချလိုက်သနည်း။

ထိုပြဿနာများကို အမြန်ဆုံးရှင်းရန် မိမိ၌ တာဝန်ရှိ၏ ။ ပြဿနာများကို မရှင်းနိုင်ပါက မြို့လူထု၏ တံတွေးခွက်၌ ပက်လက်မျောသွားနိုင်၏ ။

မိုးအောင်သည် တွေးရင်း စိတ်ထဲတွင် ရှုပ်ထွေးလာပြီး ခေါင်းထဲ၌ နောက်ကျိလာ၏ ။

မိမိ၏ မှတ်ဉာဏ်၌ မနှင်းဖြူနှင့် ရင်ကွဲတောင်ပေါ်သို့ တက်ခဲ့ခြင်းအကြောင်းကို အဘယ် ကြောင့် မေ့လျော့နေသနည်း။

မိမိနှင့်မနှင်းဖြူ ရင်ကွဲတောင်ပေါ်သို့ သွားစရာအကြောင်းကိစ္စမရှိဟု ထင်မိ၏ ။

မိမိ၏ အဖြစ်သည် အိပ်မက်ဆိုးတစ်ခုနှင့် တူနေ၏ ။ ဆရာမလေး မနှင်းဖြူနှင့် ရင်ကွဲတောင် ပေါ်သို့ သွားရာ ခရီး၌ သမီးလေး ပန်းဝါလည်း ပါသည်ဆို၏ ။

သမီးလေး ပန်းဝါသည် အသက်ဆယ်နှစ်ဝန်းကျင်မျှသာ ရှိသေးသဖြင့် စဉ်းစားခြင့်ချိန်နိုင် စွမ်း မရှိသေးချေ။

ဤအဖြစ်ဆိုးကြီးနှင့်ပတ်သက်၍ အဓိကအကျဆုံးမှာ မိမိ၏ မှတ်ဉာဏ်ပင်ဖြစ်၏။

မိမိ၏ မှတ်ဉာဏ် ပြန်လည်ကောင်းမွန်လာပါက လူသတ်မှုကြီး၏ တရားခံကို သိရပေတော့ မည်။ မိုးအောင်သည် ရင်ကွဲတောင်ပေါ်သို့ အဘယ်ကြောင့် သွားသနည်းဟု အကြိမ်ကြိမ် အဖန်ဖန် တွေးတောနေမိ၏။

သို့သော် မည်သို့ပင် တွေးတောစေကာမူ ခေါင်းထဲတွင် နောက်ကျလာပြီး အဖြေတွေ့ဘဲ ရှိ နေ၏။ ထို့ကြောင့် မိမိကိုယ်မိမိ မကျေနပ်စိတ်ဖြင့် အားမလို အားမရ ဖြစ်မိ၏။

ချောမောလှပသော ဆရာမလေး မနှင်းဖြူကိုလည်း သနားကရုဏာသက်မိလေ၏။

အင်စပက်တော်လှမိုးသည် တောင်ပေါ်သို့ ဆရာမလေး မနှင်းဖြူ၏ အလောင်း ရောက်ရှိလာ သောအခါ ချောမောလှပလွန်းသဖြင့် သနားကရုဏာဖြစ်မိ၏။

ဆရာမလေး၏ အသားအရောင်သည် နို့နှစ်ရောင်ကဲ့သို့ ဝင်းပနေပြီး ကိုယ်လုံးကိုယ်ပေါက် အလွန်လှပတင့်တယ်၏။

အင်စပက်တော်လှမိုးသည် ဆရာမလေးကို ရက်ရက်စက်စက် သတ်ဖြတ်သူအား မကျေ မချမ်း ဖြစ်နေမိ၏။

ဆရာမလေး၏ ဦးခေါင်းအနောက်ပိုင်း၌ ပြင်းထန်သောဒဏ်ရာတစ်ခု ရရှိထားလေ၏။ ဆရာမလေးသည် ထိုဒဏ်ရာကြောင့်ပင် အသက်ဆုံးခဲ့ပုံရ၏။

လွန်ခဲ့သော သုံးလအတွင်း လူသတ်မှုများ ဆက်တိုက် ဖြစ်ပွားနေသဖြင့် ဤမြို့သို့ မိမိ ရောက်ရှိနေခြင်းဖြစ်၏။

ယခု ဆရာမလေး သေဆုံးမှုသည် ယခင်လူသတ်မှုများနှင့်

ပတ်သက်ခြင်း ရှိမရှိ မသေချာ သေးချေ။

မြို့ခံပုလိပ်များသည် အရည်အချင်း ညံ့ဖျင်းလှ၏ ။ ဆရာမလေး၏ အလောင်းအနီး၌ ဝိုင်းအုံ ပြီး တီးတိုးပြောဆိုနေရုံဖြင့် အချိန်ဖြုန်းနေလေ၏ ။

အင်စပက်တော်လှမိုးသည် ဆရာမလေး၏ အနီးသို့ တိုးကပ်၍ စစ်ဆေးလေရာ တောင်ပေါ်မှ ပြုတ်ကျသွားခြင်းနှင့် ပတ်သက်၍ မည်သည့်သဲလွန်စမျှ မတွေ့ရချေ။

ထိုအခိုက်မှာပင် ဆရာမလေး၏ အလောင်းကို တောင်ပေါ်သို့ သယ်ဆောင်ခဲ့သော လူငယ် များအနက် တောင်အောက်၌ နောက်ဆုံးကျန်ရှိသော လူငယ်လေးသည် တောင်ပေါ်သို့ တွယ်ကပ် ပြီး တက်လာ၏ ။

ထိုလူငယ်သည် မောပန်းနွမ်းနယ်ဟန်ဖြင့် မြေပေါ်သို့ ပက်လက်လှန်၍ အနားယူနေ လေ၏ ။

အတန်ကြာသောအခါ လှဲနေရာမှထ၍ သူ၏ အိတ်ထဲရှိ အဝါရောင် စက္ကူပိုင်းလေးကို ထုတ် ယူလိုက်ပြီး အင်စပက်တော် လှမိုးအား

“ တောင်အောက်မှာ ဒါလေးတွေ့တယ် ”

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးသည် အဝါရောင်စက္ကူပိုင်းလေးကိုကြည့်၍ မျက်နှာ ကွတ်ခနဲ ပျက်သွားလေ၏ ။

ဆရာမလေး သေဆုံးသွားခြင်းသည် လွန်ခဲ့သောလက ဖြစ်ပွားခဲ့သော လူသတ်မှုများနှင့် ဆက်စပ်နေမှာ သေချာသွားလေ၏ ။

ဆရာလေး ကိုမိုးအောင်ကိုသာ အမိအရ စစ်ဆေးရန် လိုတော့၏ ။

ဤအမှုနှင့်ပတ်သက်၍ ကိုမိုးအောင်သည် အဓိကအကျဆုံး မျက်မြင်သက်သေပင် ဖြစ်၏ ။

ဆရာမ မနှင်းဖြူ၏ အသုဘမြေချမည့်နေ့၌ မိုးအောင်သည်

ဆောက်တည်ရာမရ ဖြစ်နေ ၏ ။ ဆရာမလေး သေဆုံးခြင်းနှင့်ပတ်သက်၍ မိမိ၌ အပြစ်ရှိသလို ခံစားရ၏ ။

ဆရာမလေးကို ရင်ကွဲတောင်ပေးသို့ မိမိခေါ်ဆောင်သွားသဖြင့် အသက်ဆုံးရခြင်း ဖြစ်၏ ။ ဆရာမလေးကို ရင်ကွဲတောင်ပေးသို့ အဘယ်ကြောင့် ခေါ်ဆောင်သွားမှန်း တွေးလို့လည်းမရ။ အပြစ်မဲ့ ဆရာမလေးကတော့ အသက်ဆုံးရချေပြီ။

တစ်မြို့လုံးရှိ လူများသည် လူသတ်မှုများကြောင့် ထိတ်လန့် တုန်လှုပ်နေရာမှ ဆရာမလေး သေဆုံးသွားသဖြင့် ပိုမို၍ ထိတ်လန့်သွားကြ၏ ။

မိုးအောင်သည် သူနာပြုဆရာမများ၏ စကားကို နားထောင်၍ မနှင်းဖြူ မြေချမည့်အချိန်ကို သိရှိနေ၏ ။

ထို့ကြောင့် ဆေးရုံရှိနာရီကို လှမ်းကြည့်လိုက်ပြီး မနှင်းဖြူ မြေချမည့်နေရာသို့သွားရန် ပြင် လိုက်၏ ။ ထိုအခါ ဇနီးဖြစ်သူ မမြတ်လေးက မိုးအောင်၏ လက်မောင်းကိုဆွဲ၍

" အစ်ကို အဲဒီ နေရာကို သွားလို့ မဖြစ်ဘူးလေ၊ စဉ်းစားပါဦး "

ဟု ပြောလိုက်ရာ မိုးအောင်က ခေါင်းခါယမ်း၍

" ငါ ဘာလို့သွားလို့မဖြစ်ရမှာလဲ "

ဟု ရေရွတ်လိုက်၏ ။ မမြတ်လေးက မိုးအောင်ကို စိုးရိမ်စွာကြည့်၍

" အစ်ကို သေသေချာချာ စဉ်းစားပါဦး၊ မနှင်းဖြူရဲ့ကိစ္စကို တစ်မြို့လုံး သိနေတယ်လေ၊ မြို့ထဲမှာ ကောလာဟလတွေလည်း အများကြီးထွက်နေတယ်၊ အစ်ကိုသွားလို့ ဖြစ်မှာလား၊ လူတွေ အားလုံးရဲ့အာရုံက အစ်ကို့အပေါ်မှာပဲ ရှိနေတယ်လေ "

ဟု သတိပေးလိုက်ရာ မိုးအောင်၏ ခြေလှမ်းများ ရပ်တန့်သွားလေ၏ ။

သူ၏ ရင်ထဲတွင်လည်း နာကျင်သွားမိ၏ ။ တစ်မြို့လုံးက လူတွေ ဘာတွေပြောကြမှာလဲ။ အိမ်ထောင်ရှိကျောင်းဆရာ ကိုမိုးအောင်က အပျိုကျောင်းဆရာမလေးကို လူသူပြတ်တောက်သော ရင်ကွဲတောင်ပေါ်ကို ခေါ်သွားသည်တဲ့။

တောင်ပေါ်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ဆရာမလေး ဘာဖြစ်လို့ တောင်ပေါ်က ပြုတ်ကျသွား သလဲ။ ကျောင်းဆရာကို ဘယ်သူရိုက်နှက်သွားတာလဲ။

မိုးအောင်သည် ထိုမေးခွန်းများကို မိမိကိုယ်တိုင်ပင် မဖြေနိုင်သဖြင့် ခေါင်းထဲတွင် မူးနောက် ပြီး ယိုင်လဲလုမတတ် ဖြစ်သွား၏ ။

မိုးအောင်ကို မမြတ်လေးက စိုးရိမ်တကြီး ဖေးမထားလိုက်ရ၏ ။ မိုးအောင်သည် အိပ်ရာပေါ် မှာ ပြန်၍ လှဲနေလိုက်၏ ။

ထိုအခိုက်မှာပင် အခန်းထဲသို့ အင်စပက်တော်လှမိုး ဝင်ရောက်လာပြီး

“ ကျုပ်က အင်စပက်တော်လှမိုးပါ၊ ဒီမြို့မှာဖြစ်နေတဲ့ မှုခင်းတွေနဲ့ပတ်သက်ပြီး အင်းစိန် စီအိုင်ဒီက ရောက်လာတာပါ၊ ကိုမိုးအောင်ရဲ့ ကျန်းမာရေးအခြေအနေကို သိချင်လို့ပါ ”

ဟု ပြောလိုက်ရာ မမြတ်လေးက အိပ်ရာပေး၌ မျက်လုံးမှိတ်နေသော ကိုမိုးအောင်ကို ကြည့်၍

“ ကိုမိုးအောင် အခုလေးပဲ ခေါင်းနည်းနည်းမူးသွားလို့ အိပ်ရာထဲမှာ လှဲနေတယ် ”

ဟု ပြောလေ၏ ။ ထိုအခါ အိပ်ရာပေါ်တွင် လှဲနေသော မိုးအောင်က မျက်လုံးဖွင့်ကြည့်၍

“ ကျုပ် နေကောင်းနေတယ် အင်စပက်တော်၊ မေးချင်တာ မေးနိုင်ပါပြီ ”

ဟု ပြောလိုက်ရာ အင်စပက်တော်လှမိုးသည် မိုးအောင်၏

ကျန်းမာရေးအခြေအနေ ကောင်းမွန်သည်ဆိုသဖြင့် ဝမ်းသာသွားပြီး

“ ဟင် . . . ဒါဆိုရင် ရင်ကွဲတောင်ပေါ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေကို ပြန်သတိရပြီပေါ့ ”

ဟု ပြောလိုက်၏။ မိုးအောင်က ခေါင်းခါယမ်း၍

“ ကျုပ် ဘာမှ သတိမရသေးဘူး၊ ရင်ကွဲတောင်ပေါ်က အကြောင်းတွေ ကျုပ် ဘာမှ စဉ်းစား လို့မရဘူး ”

ဟု ပြောလေ၏။ ထိုအခါ အင်စပက်တော်လှမိုးက

“ ရင်ကွဲတောင်ပေါ်ကို သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး မျက်မြင်သက်သေ ကပ္ပိယကြီးတစ် ယောက်ရှိတယ်၊ အဲဒီ တုန်းက ဇရပ်ပေါ်မှာ ကပ္ပိယအဘိုးကြီးက အိပ်နေတယ်၊ အဘိုးကြီးက ကိုမိုး အောင်နဲ့ မနှင်းဖြူတို့ ရင်ကွဲတောင်ပေးကိုတက်သွားတာ မြင်ခဲ့တယ်လို့ သက်သေခံတယ်၊ ခင်ဗျား တစ်ခုခုတော့ မှတ်မိနိုင်ပါတယ်၊ ကြိုးစားပြီး စဉ်းစားကြည့်ရင် အဖြေတစ်ခုခုတော့ ထွက်နိုင်ပါ တယ်၊ ဒါနဲ့ သောကြာနေ့က ကိုမိုးအောင်ရဲ့ နေ့တစ်ဝက် အားလပ်ရက်ဆိုတာ ဟုတ်ပါသလား ”

မိုးအောင်က ခေါင်းညိတ်၍ ဟုတ်မှန်ကြောင်း ပြောလေ၏။

“ ကျုပ်လည်း ကိုယ့်ကိုယ်ကိုယ် အားမလို အားမရဖြစ်ပြီး အချိန်အားတိုင်း ဒီကိစ္စကိုပဲ စဉ်း စားနေတာဗျ၊ ဒါပေမဲ့ ရင်ကွဲတောင်ကို ဘာကြောင့်သွားသလဲဆိုတာ တွေးလို့ကို မရဘူး ”

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက သက်ပြင်းချ၍

“ ရင်ကွဲတောင်မှာ လူသတ်သမားကို ဘယ်သူမှမမြင်လိုက်ဘူး၊ လူသတ်သမားက မြေလျှိုး မိုးပျံသွားသလား၊ ကိုယ်ပျောက်သွားသလား မသိဘူး ”

ဟု ရေရွတ်လိုက်လေ၏။ မိုးအောင်က မျက်မှောင်ကြုတ်၍

“ ရင်ကွဲတောင်ကို ကျုပ်နဲ့ဆရာမလေးသွားခဲ့တာ သောကြာနေ့ညနေ ကျောင်းဆင်းချိန်ဗျ၊ အဲဒီ နေ့က ကျုပ်ရဲ့ အားလပ်ရက်ပဲ၊ ဒါပေမဲ့ ကျုပ် ပြန်စဉ်းစားကြည့်တော့ သောကြာနေ့ နံနက် ကျောင်းတက်ချိန်အထိပဲ စဉ်းစားလို့ရတယ်၊ သောကြာနေ့ညနေမှာ ကျုပ် ဘာဖြစ်သလဲဆိုတာ စဉ်းစားလို့ မရဘူး ”

ဟု ပြောလေ၏။ အင်စပက်တော်လှမိုးက ခေါင်းညိတ်၍

“ ကိုမိုးအောင် ကြိုးစားပြီး စဉ်းစားပါဗျာ၊ ဒီလူသတ်မှုကြီးနဲ့ပတ်သက်လို့ ကိုမိုးအောင်ဟာ တစ်ဦးတည်းရှိတဲ့ ရှားရှားပါးပါး မျက်မြင်သက်သေတစ်ယောက်ပဲ၊ ကျုပ်တို့က ကိုမိုးအောင်ရဲ့ ထွက်ဆိုချက်ကိုပဲ အားကိုးနေရတာ ဗျ၊ ကဲ . . . ကျုပ်ကို ခွင့်ပြုပါဦး၊ ကိုမိုးအောင်ဆီကို မကြာခဏ လာခဲ့မှာပါ ”

ဟု ပြောဆိုပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေတော့၏။

***

မိုးအောင်သည် ဆေးရုံ၌ (၁၀) ရက်တိတိ နေထိုင်ခဲ့ပြီး ဆေးရုံမှဆင်းခဲ့လေ၏။ ဆယ်ရက် ပြည့်သည့်အချိန်ထိ ရင်ကွဲတောင် အဖြစ်ဆိုးကြီးကို ပြန်မတွေးနိုင်ခဲ့သေးချေ။

မိုးအောင်သည် ဆေးရုံမှ ဆင်းသည့်နေ့မှာပင် ဇနီးဖြစ်သူက တားမြစ်နေသည့်ကြားမှ မနှင်းဖြူ၏ အုတ်ဂူရှိရာသို့ သွားခဲ့၏။

မနှင်းဖြူ၏ အုတ်ဂူဖြူဖြူလေးသည် တောင်ကုန်းလေးပေါ်၌ သစ်ရွက်ကြွေလေးများနေရာ၌ ရှိ၏။

မိုးအောင်သည် အုတ်ဂူရှေ့တွင်ရပ်၍

“ ကျုပ်ကိုခွင့်လွှတ်ပါ မနှင်းဖြူရယ်၊ မနှင်းဖြူကို တောင်ပေါ်ကို ခေါ်လာမိတဲ့ ကျုပ်ရဲ့အမှား ပါ၊ မနှင်းဖြူ ဘာဖြစ်လို့ တောင်ပေါ်က ကျသွားရတာ လဲ၊ မနှင်းဖြူကို ဘယ်သူ လုပ်ကြံသွားတာလဲ၊ ကျုပ်မသိဘူးဗျာ၊ ကျုပ် ဘာမှ စဉ်းစားလို့ မရတော့ဘူး။ မနှင်းဖြူကို မကာကွယ်နိုင်ခဲ့တာ ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ တရားခံဘယ်သူလဲဆိုတာ ကျုပ် မရ ရအောင် ဖော်ထုတ်ပေးပါ့မယ်၊ ကျုပ် ကတိ ပေးပါတယ် မနှင်းဖြူရယ်

ဟု တီးတိုးပြောဆိုနေလေ၏ ။

မိုးအောင်သည် မနှင်းဖြူနှင့် စတင်တွေ့ဆုံခဲ့ပုံများကို ပြန်လည်မြင်ယောင်လာမိ၏ ။

ချောမောလှပသော ဆရာမလေးသည် မိဘများမရှိတော့ဘဲ ကြီးဒေါ်ကြီးတစ်ယောက်၏ အုပ်ထိန်းမှုအောက်၌ နေထိုင်ကြောင်း သိရ၏ ။

မနှင်းဖြူ ကျောင်းသို့ရောက်လာသောနေ့မှာပင် မိမိက များစွာ အကူအညီပေးခဲ့၏ ။ မနှင်းဖြူ နေထိုင်ရန် အိမ်ကိုပင် ရှာဖွေပေးခဲ့ရ၏ ။

ထိုအချိန်မှစ၍ မနှင်းဖြူနှင့် ခင်မင်ရင်းနှီးခဲ့ကြ၏ ။

မနှင်းဖြူသည် အမည်နှင့်လိုက်အောင် အလွန်စိတ်သဘောထားဖြူစင်သူ ဖြစ်၏ ။

ယခုတော့ အလွန်ဖြူစင်သော ဆရာမလေးသည် ကံဆိုးစွာဖြင့် ဘဝတစ်ပါးသို့ ပြောင်းလဲ သွားချေပြီ။ မိုးအောင်သည် ထိုနေ့ညက ညမှောင်ရီသန်းစအချိန်သို့ ရောက်သောအခါမှပင် မနှင်းဖြူ၏ အုတ်ဂူမှ ပြန်လာခဲ့၏ ။

မမြတ်လေး၏ နံဘေး၌ သမီးလေးပန်းဝါလည်း ရှိနေ၏ ။

မိုးအောင်က ပန်းဝါကို ပွေ့ဖက်၍ မည်သည့်စကားမျှ မဆိုဘဲ အိမ်ထဲသို့

ဝင်လာခဲ့၏။

မမြတ်လေးသည် အနောက်မှ တိတ်ဆိတ်စွာ လိုက်ပါလာ၏။

***